# Microsoft Team အသုံးပြုရန် ဆောင်ရွက်ပုံ အဆင့်ဆင့်

(က) ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး) ၏ ကျောင်း Domain Email များဝင်ရောက်စစ်ဆေးသည့် Microsoft Outlook သို့ဝင်ပါ။ App Menu မှ တစ်ဆင့် Teams ကို Click လုပ်ဝင်ပါ။




(ခ) အောက်ပါအတိုင်းပေါ်လာမည်ဖြစ်ပါသည်။



(ဂ) “Get the Windows app” ကို Click လုပ်၍ ဝင်ရောက်ပါ။




(ဃ) “Teams_windows_x64.exe” File ကိုမိမိ Laptop တွင် Download လုပ်ပါ။




(မှတ်ချက် - မိမိတို့၏ Mobile Phone များမှ လည်း Android ဖုန်းများအတွက် “Microsoft Teams” ကို Play Store မှလည်းကောင်း ၊ iOS Phone များအတွက် “App Store” မှ လည်းကောင်း Download ရယူနိုင်ပါသည်။ )

(င) Download ပြီးပါက အောက်ပါအတိုင်း App အား “Run” ပြုလုပ်ပါ။







(စ) ထို့နောက် အောက်ပါအတိုင်း မိမိတက္ကသိုလ်မှပေးထားသော Email [xxxx@ucstgi.edu.mm](mailto:xxxx@ucstgi.edu.mm) Account (Password အတူတူ)ဖြင့် အောက်ပါအတိုင်း Login ဝင်ပါ။






(ဆ) ထို့နောက် Microsoft Teams ကိုစတင်အသုံးပြုနိုင်ပြီဖြစ်ပါသည်။



# Microsoft Teams အသုံးပြု၍ Teams များတည်ဆောက်၍ သင်ကြားလေ့လာရေး နှင့် Video Conferencing ဆောင်ရွက်ပုံအဆင့်ဆင့်

၇။ မိမိ၏ အတန်းလိုက်လည်းကောင်း ဘာသာရပ်အလိုက်လည်းကောင်း ဆရာဆရာမများမှ လည်းကောင်း ကျောင်းသူကျောင်းသားအုပ်စု အလိုက် လည်းကောင်း Team များကို အောက်ပါ အတိုင်း တည်ဆောက်နိုင်ပါသည်။

(က) Menu မှ "Teams" ကိုဝင်ပါ။ "Join or create team" ကို နှိပ်ပါ။




(ခ) "Create a team" ကို နှိပ်၍ ဝင်ပါ။



(ဂ) မိမိ ဖန်တီးလိုသော Team အမျိုးအစားအလိုက် သင်ခန်းစာများ သင်ကြားခြင်း၊ Group Project များဆောင်ရွက်ခြင်း ၊ Assignment များတင်ခြင်းများဆောင်ရွက်လိုပါက **“Class”** ကိုရွေး ချယ် တည်ဆောက်ပါ။

မိမိနှင့် အုပ်စုတူ အတန်းများ အဖွဲ့များအလိုက် မိမိတို့လေ့လာထားချက်များကိုဆွေးနွေးလိုလျှင် **“Professional Learning Community (PLC)”** ကိုရွေးချယ်ပါ။

ရုံးလုပ်ငန်းကိစ္စများ စီမံခန့်ခွဲရေးရာကိစ္စများဆောင်ရွက်လိုလျှင် **“Staff”** ကိုရွေးပါ။

ကျောင်းသားသမဂ္ဂများ ကျောင်းသားအဖွဲ့အစည်း အချက်အလက်များ Share လိုလျှင် “Other” ကိုရွေးချယ်ပါ။




(ဃ) အမည်ပေး၍ Teams တစ်ခုတည်ဆောက်ပါ။ မိမိ၏ Teams တွင် ပါဝင်လိုသည့် အဖွဲ့ဝင် Members များ၏ [xxxxx@ucstgi.edu.mm](mailto:xxxxx@ucstgi.edu.mm) Account များကို Add Member ထည့်သွင်းပါ။

(င) မိမိ၏ Team အဖွဲ့ဝင်များနှင့် Video Conferencing Meeting ပြုလုပ်လိုလျှင် Menu မှ “Meet now” icon  ကိုနှိပ်ပါ။ Video Conferencing စတင်ဆောင်ရွက်နိုင်ပြီဖြစ်သည်။ မိမိဖိတ်ကြားပါဝင်လိုသည့် အဖွဲ့ဝင် Member မှာ Online တက်နေပါက “Right Click” ဖြင့် “Ask join” ဖြင့် ဖိတ်ခေါ်ပါဝင်စေနိုင်ပါသည်။




## <u>Microsoft Team ၏ အားသာချက်များ</u>

(က) ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး) ၏ Domain Email ဖြစ်သော xxxxx@ucstgi.edu.mm Account ရှိသူ ကျောင်းသူကျောင်းသားအချင်းချင်း၊ ဆရာဆရာမ နှင့် ကျောင်းသူကျောင်းသား၊ ဆရာဆရာမနှင့် ဝန်ထမ်းများအချင်းချင်း ချိတ်ဆက် အသုံးပြု နိုင်ပါသည်။ ထို့အတွက် ပြင်ပ မှ ဝင်ရောက် အသုံးပြုခွင့်မရှိပါ။

(ခ) Microsoft Team ကိုအသုံးပြု၍ ဆရာဆရာမများနှင့် ကျောင်းသူကျောင်းသားများအနေဖြင့် မိမိအိမ် မှပင် စာသင်ကြားနိုင်၊ ပညာသင်ယူလေ့လာနိုင်ပါသည်။

(ဂ) ဆရာဆရာမများ အနေနှင့် မိမိသင်ကြားမည့် အတန်းရှိ ကျောင်းသူကျောင်းသားများကို Team တစ်ခုဖွဲ့၍ ထိုအဖွဲ့တွင်ပါဝင်သော အဖွဲ့ဝင်များသာ ကြည့်ရှုလေ့လာနိုင်သော e-book များ၊ Lecture power point များ၊ Demonstration Video များတင်ပေး "Upload" လုပ်နိုင်ခြင်း၊ မိမိ ကွန်ပျူတာသို့ ရယူ "Download" လုပ်နိုင်ခြင်း၊ Video Conferencing ဖြင့် စာသင်ကြား နိုင်ခြင်း၊ Seminar များပြုလုပ်နိုင်ခြင်း၊ Chatting ပြုလုပ်နိုင်ခြင်း စသည်များ ဆောင်ရွက် နိုင်မည်ဖြစ်ပါသည်။